ပထမ ပုဂ္ဂလိကဘဏ် လီမိတက်

FIRST PRIVATE BANK LIMITED

NO. 619-621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP, YANGON, UNION OF MYANMAR.

TELEPHONE: 095-1-376 451 ~ 452 / 378 267 ~ 269. 095-1-251 748 ~ 749 / 246 786
FAX: 095-1-242 320/ 250 148/ 251 747.
Website: www.firstprivatebank.com.mm
e-mail: fpbho.ygn@gmail.com hofirst.private@gmail.com

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## ရန်ကုန်မြို့

နေ့စွဲ၊ ၂၀၁၉ခုနှစ်စက်တင်ဘာလ(၂၀)ရက်

## (၂၀၁၈–၂၀၁၉)ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာများကိုသတ်မှတ်ကြေညာခြင်း

၁။ (၂၀၁၈–၂၀၁၉) ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရှိမည့်အစုရှင်စာရင်းမှာပထမပုဂ္ဂလိကဘဏ်သို့ ရန်ကုန်စတော့အိပ်ချိန်း(YSX)မှ **Record Date (၄–၁၀–၂၀၁၉)နေ့စွဲ** ဖြင့်ပေးပို့သည့် အစုရှယ်ယာရှင်များစာရင်းမှာအတည်ဖြစ်ပါသည်။ **Record Date (၄–၁၀–၂၀၁၉)နေ့စွဲ**ဖြင့် ပေးပို့သောစာရင်းမှာ**၂၀၁၉ခုနှစ်စက်တင်ဘာလ(၃၀)ရက်(၃၀–၉–၂၀၁၉)(တနင်္လာနေ့)**တွင်ရန်ကုန်စတော့အိပ်ချိန်း(YSX) အရောင်းအဝယ်ပိတ်သိမ်းချိန်ရှိ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ အစုရှယ်ယာပိုင်ဆိုင်ထားသူများဖြစ်ပြီး**(၂၀၁၈–၂၀၁၉) ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုများခံစားခွင့်**ရှိသူများဖြစ်ပါသည်။ **၂၀၁၉ခုနှစ်အောက်တိုဘာလ(၂)ရက်**နေ့မှ စတင်ဝယ်ယူမည့်အစုရှယ်ယာများသည် (၂၀၁၈–၂၀၁၉)ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစုများကို **ခံစားခွင့်မရှိကြောင်း** အသိပေးကြေညာအပ်ပါသည်။

၂။ ၂၀၁၉ခုနှစ် နိုဝင်ဘာလ(၂၃) (၂၃–၁၁–၂၀၁၉)နေ့ပြုလုပ်မည့် ၁၁/၂၀၁၉ကြိမ်မြောက်ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင်ရန်ကုန်စတော့အိပ်ချိန်းမှပေးပို့သည့်စာရင်းကိုအတည်ပြုပြီးအမြတ်ဝေစုခွဲဝေပေးရန်ဆုံးဖြတ်မည်ဖြစ်ပါသည်။

၃။ အမြတ်ဝေစုများကိုပြင်ပစာရင်းစစ်မှ(၂၀၁၈–၂၀၁၉)ဘဏ္ဍာရေးရှင်းတမ်းများကိုစစ်ဆေးပြီးပါက**၂၀၁၉ခုနှစ်နိုဝင်ဘာလ(၂၄)ရက်(၂၄–၁၁–၂၀၁၉)နေ့တွင်ကျင်းပပြုလုပ်မည့်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး**မှအတည်ပြုရပါမည်။ ထို့ပြင်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအသစ်ပုဒ်မ(၁၈၄)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏(၇–၃–၂၀၁၇)နေ့စွဲပါညွှန်ကြားချက်အမှတ်(၅/၂၀၁၇)နှင့်အညီ အတည်ပြုချက်ရရှိမှသာအမြတ်ဝေစုများထုတ်ပေးရမည်ဖြစ်ပါသည်။အမြတ်ဝေစုထုတ်ပေးမည့်ရက်ကိုထပ်မံကြေငြာပေးမည်ဖြစ်ပါသည်။

**ပထမပုဂ္ဂလိကဘဏ်မှအမြတ်ဝေစုပေးရန်မခွဲဝေရသေးသောအမြတ်လက်ကျန်(Retained Earnings) စာရင်းတွင်ငွေလုံလောက်စွာလျာထားပါသည်။**

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်